




Third Story Project

in cooperation with

myanmar Story Tellers

facebook.com/thirdstorychildrenbooks

ISBN 978-99971-73-60-7



Third Story Project

သဒ်စတိုရီပရောဂျက်မှ ထုတ်ဝေသည်။

# ဝါးခမောက်လေးနဲ့မောင်ဒိုးကူ

ဂျယ်နီဆုနိုင်

ကာတွန်းသရုပ်ဖော် - ထိပ်ထားလေး

## သဒ်စတိုရီပရောဂျက် မှ ထွက်ရှိပြီးသော စာအုပ်များ



1. Everyone is Valuable 2. Swe Zin's Dance 3. Birds of a Feather 4. Tale of Two Pots 5. What Makes Us Beautiful 6. Frog and Snake 7. Phway Phway Won't Litter



8. Flying Cat 9. Pu Su's Adventures 10. Thiri Goes to Schoool 11. Ei Si the Duckling 12. Pone Pone's Garden 13. The Gardener 14. For the Love of Trees



15. Working Together 16. The Bridge 17. Superhero 18. Pho Maung and Friends 19. Little Chicken Egg 20. Little Bear's Hobby 21. Singer from Flower City



22. Playtime for Mee Su 23. Taungzalat Tale 24. Happy Journey 25. Jar Ni Goes to School 26. Robot Footballer 27. First Prize 28. Home



29. Maung Sola 30. Little Grey Umbrella 31. Oasis 32. Dee Ku and Bamboo Hat 33. Mee Mee Lay's Sandals 34. Journey to Happy Land 35. The Princess and Sugar Land



36. Village in the Clouds 37. Helpful Dragons 38. Little Bamboo 39. Sewing Needle Sewing Needle Roller and Five Brothers 40. The Freedom Story

ဆက်သွယ်ဝယ်ယူရန်
+959448311104
www.facebook.com/thirdstorychildrenbooks
thirdstorychildrenbooks@gmail.com
www.thirdstoryproject.com

# ဝါးခမောက်လေးနဲ့မောင်ဒီးကူ



ဂျယ်နီဆုနိုင်

ကာတွန်းသရုပ်ဖော် – ထိပ်ထားလေး

တတိယအမြင် ပုံပြင်များ စာစဉ်

Third Story Project

မြန်မာပုံပြောသူများအဖွဲ့နှင့် စေတနာရှင်လူငယ်များ (ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။

ထုတ်ဝေသူ - ဒေါ်အိပွင့်ရှိန် (၀၁၇၉၃)
သဒ်စတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၉၁)၊ ပထမထပ်၊ လမ်း ၄၀ (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြဲ-၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။

ကလေးတို့ရေ . . . တစ်ခါတုန်းက သူတစ်ပါးကို ကူညီတတ်တဲ့ မောင်ဒီးကူဆိုတဲ့ ကောက်ညှင်းထုပ်လေးရှိသတဲ့။ ဒီးကူဆိုတာ ကယားရိုးရာ စားသောက်ဖွယ်ရာ တစ်မျိုး ဖြစ်ပါတယ်။ ပုံပြင်ထဲက မောင်ဒီးကူကတော့ သာမန်ကောက်ညှင်းထုပ်လေး မဟုတ်ပါဘူး။ သူ့မှာ ထူးဆန်းတဲ့ မှော်တန်ခိုးတွေ ရှိပါတယ်။

သူဟာအစားအစာ
လိုအပ်နေသူတွေအတွက်
ကိုယ်ပွားတွေ အများကြီးဖန်တီးပြီး
ကူညီပေးတတ်သူ ဖြစ်ပါတယ်။
ကလေးတွေက ဗိုက်ဆာရင်
“ကိုကြီးဒီးကူရေ . . .
ဒီးကူမုန့်လေးတွေ
ကျွေးပါဦး” လို့
တောင်းလိုက်ရုံပါပဲ။





မောင်ဒီးကူမှာ ဝါးခမောက်ဆိုတဲ့
သူငယ်ချင်းတစ်ယောက်ရှိပါတယ်။
ဝါးတောမှာ နေထိုင်ကြတဲ့ သူတို့ဟာ
နေ့တိုင်း မောင်းလေးတီးရင်း
သီချင်းတွေဆိုကြတယ်။

"လှပတဲ့ သဘာဝတရား၊
ငြိမ်းချမ်းတဲ့ မိတ်ဆွေများ၊
ပျော်ရွှင်ကြစေသား"
မောင်ဒီးကူနဲ့ ဝါးခမောက်တို့ဟာ
သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပါ။

ဝါးခမောက်လေးက
“မောင်ဒီးကူရေ . . .
မင်းကိုငါ သိပ်အားကျတာပဲ။ မင်းကိုလူတွေက ချစ်ကြတယ်။
ငါကတော့ သာမန် ဝါးခမောက်လေးမို့ ဂရုမစိုက်ကြဘူးကွာ”
ဆိုပြီး ပြောတယ်။

“မင်းသာငါ့လို အစွမ်းရှိရင်
လူတွေချစ်ကြမှာပေါ့။ လာပါကွာ၊
ငါတို့ဝါးတောမှာပဲ သီချင်းဆိုကြပါစို့”
လို့ မောင်ဒီးကူက ပြန်ပြောပါတယ်။
ဝါးခမောက်လေးက သိပ်မကျေနပ်ဘူးလေ။
သူလည်း လူသားတွေအတွက် အရေးပါတဲ့
နေရာက အကျိုးပြုနိုင်ရမယ်လို့
မျှော်လင့်ထားတယ်။





တစ်ရက်မှာတော့ ဝါးတောကို ကန်ပူးငှက်ကလေး ရောက်လာတယ်။
“မောင်ဒီးကူရေ . . . ကူညီပါဦး။ လူတွေက မင်းကို အမှာစကား
ပါးလိုက်တယ်” ဆိုပြီး စာတစ်စောင်ပေးပါတယ်။

စာထဲမှာတော့ လွင်တီးခေါင်ရွာမှာ စားနပ်ရိက္ခာတွေ ရှားပါးနေတာမို့
လာရောက်ကူညီပါဦးလို့ ရေးထားတာပေါ့။ မောင်ဒီးကူဟာ အဲဒီရွာကို
သွားပြီး ကူညီဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ . . .






လွင်တီးခေါင်ရွာကို သွားဖို့ရာက
အရမ်းဝေးလွန်းတယ်။
နေအရမ်းပူတဲ့
လွင်ပြင်ကျယ်ကို
ဖြတ်ပြီး ခရီးသွားရမှာ။

အဲဒီကို မရောက်ခင် မောင်ဒီးကူရဲ့
ကောက်ညှင်းတွေ ခြောက်သွေ့ကုန်မှာ
စိုးရိမ်ရတယ်။ ခြောက်သွေ့သွားရင်
သူ့အစွမ်းတွေ ပျောက်သွားမှာပေါ့။
လူတွေကို ဘယ်လိုကူညီရမလဲ။
မောင်ဒီးကူ စိတ်ပျက်သွားတယ်။



“ဦးနေမင်းခင်ဗျာ”
“မောင်ဒီးကူပါလားဟေ့
ဘာများ ပြောစရာရှိလို့လဲ”

“ကျွန်တော်ဟာ လူသားတွေကို ကူညီဖို့
လွင်ပြင်ကျယ်ကို ဖြတ်သန်းသွားရမှာပါ။
ဦးဦးနေမင်းက နေမပူဘဲ
ရက်အတန်ကြာ နေပေးပါခင်ဗျာ”



“ဒါတော့ မဖြစ်နိုင်ဘူး
မောင်ဒီးကူရယ်။ နေရောင်ခြည်ကို
လိုအပ်တဲ့ ကမ္ဘာပေါ်က
တခြားအရာတွေအတွက်လည်း
ငါက ဂရုစိုက်ပေးရဦးမယ်။
မကူညီနိုင်တာ ဝမ်းနည်းပါတယ်”
လို့ နေမင်းကြီးက ပြန်ပြောတယ်။
မောင်ဒီးကူ သိပ်ကို
စိတ်ပျက် ဝမ်းနည်းသွားတယ်။
သူဟာ အကူအညီလိုနေတဲ့
လူသားမိတ်ဆွေတွေကို
မကူညီနိုင်တော့ပါလားလို့
တွေးမိတာပေါ့။

အဲဒီအချိန်မှာပဲ ဝါးခမောက်လေး ရောက်လာတယ်။
“သူငယ်ချင်း မောင်ဒီးကူရေ . . . မင်း ငါ့ကို လုံနေအောင်
ဆောင်းသွားပါလား။ ဒါဆိုရင် နေပူဒဏ်ကို
ကာကွယ်နိုင်သွားပါပြီ” လို့ ဆိုတယ်။



သူတို့သူငယ်ချင်းနှစ်ယောက်ဟာ မောင်းလေးတီးပြီး ပျော်ရွှင်စွာ
သီချင်းတွေဆိုလို့ လွင်တီးခေါင်ရွာကို ခရီးထွက်ကြတယ်။




"လှပတဲ့ သဘာဝတရား၊
ငြိမ်းချမ်းတဲ့ မိတ်ဆွေများ၊
ပျော်ရွှင်ကြစေသား"



မောင်ဒီးကူဟာ သူ့အစွမ်းနဲ့ ဒီးကူကောက်ညှင်းထုပ်မုန့်များစွာ ဖန်တီးပေးပြီး ရွာသူရွာသားတွေကို ကူညီပေးခဲ့တယ်။ ရွာသူရွာသားတွေဟာ မောင်ဒီးကူကို ချီးကျူးဂုဏ်ပြုကြတယ်။



မောင်ဒီးကူက ပြောတယ်။
“ဝါးခမောက်လေးသာ မကူညီရင်
ကျွန်တော် လွင်တီးခေါင်ရွာကို
ရောက်လာနိုင်မှာ မဟုတ်ဘူး။
ဝါးခမောက်လေးကိုလည်း
ဂုဏ်ပြုထိုက်တယ်”လို့
ပြောပြသတဲ့ကွယ်။



အဲဒီအချိန်ကစလို့ ရွာသူရွာသားတွေဟာ သူရဲကောင်းသူငယ်ချင်း နှစ်ယောက်ကို ဂုဏ်ပြုတဲ့ အနေနဲ့ ဒီးကူမုန့်ကို နှစ်သက်စွာ စားသုံးကြပြီး ဝါးခမောက်ကိုလည်း မြတ်မြတ်နိုးနိုး ဆင်မြန်းကြပါတော့တယ်။





# uav;wdkYzqkdkefar;cGef;



ဒီးကူနဲ့ ဝါးခမောက်ကို
ရွာသားတွေက ဘာဖြစ်လို့
တန်ဖိုးထားကြတာလဲ။

မောင်ဒီးကူက
ဘယ်နေရာမှာ အသုံးဝင်လဲ။
ဝါးခမောက်ကရော
ဘယ်နေရာမှာ အသုံးဝင်လဲ။







မောင်ဒီးကူ
တစ်ယောက်တည်းဆို
ရွာသားတွေကို
ကူညီနိုင်ပါ့မလား။
ဘာဖြစ်လို့လဲ။

ကလေးတို့မှာရော
လူသားတွေကို ကူညီဖို့
ဘယ်လိုအစွမ်းတွေ ရှိချင်လဲ။



# ဒီးကူကောက်ညှင်းထုပ်ပွဲတော်အကြောင်း သိကောင်းစရာ



ငွေတောင်ပြည် လို့ခေါ်တဲ့ ကယားပြည်နယ်မှာ အဲ့ဒိုပေါ်မီလို့ ခေါ်တဲ့ ဒီးကူကောက်ညှင်းထုပ်ပွဲတော်ဟာ ကယားလူမျိုးတွေရဲ့ အထင်ကရ ပွဲတော်တစ်ခု ဖြစ်ပါတယ်။ ဒီးကူပွဲကျင်းပရတဲ့ ရည်ရွယ်ချက်တွေကတော့ မျိုးနွယ်စုအလိုက် ကွဲပြားကြတယ်။

စိုက်ပျိုးထားတဲ့ သီးနှံတွေ ဖြစ်ထွန်းစေရန်၊ ရောဂါဘယကင်းဝေးပြီး ကူးစက်တတ်တဲ့ ရောဂါတွေ ရွာထဲမဝင်နိုင်ဘဲ ရွာပြင်ကို မောင်းထုတ် ကြရန်၊ မိသားစုတွေအချင်းချင်း ချစ်ခင်ရင်းနှီးမှုရစေရန်၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာစေရန်၊ နေ့ထူးနေ့မြတ် အခါသမယဖြစ်တဲ့အတွက် လူမျိုးဘာသာမရွေး စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ဆင်နွှဲကြရန်စတဲ့ ရည်ရွယ်ချက် အမျိုးမျိုးရှိပါတယ်။

မိုးတွင်းဖြစ်တဲ့ စက်တင်ဘာလနဲ့ အောက်တိုဘာလတွေမှာ အဲ့ဒို ပေါ်မီကို နှစ်စဉ်နှစ်တိုင်း (၃) ရက်တိုင်တိုင် ကျင်းပပြုလုပ်ကြပြီး ကြက်ရိုးထိုးပြီး ရက်သတ်မှတ်ကြတယ်။

အဲ့ဒိုပေါ်မီတွင် ကောက်ညှင်းကို ဒီးကူလို့ခေါ်တဲ့ ဖက်ရွက်နဲ့ထုပ်ပြီး ဒီးကူ (ခေါ်) ကောက်ညှင်းထုပ် ပြုလုပ်ကြပါတယ်။ ကောက်ညှင်းထုပ် များကို သုံးခု သို့မဟုတ် လေးခု ပူးတွဲချည်ပြီး ကရင်နီမျိုးနွယ်စုတို့၏ စည်းလုံးညီညွတ်မှုကို ပြသကြတယ်။

ဒီးကူအပြင် ရိုးရာခေါင်ရည်၊ ထမင်း၊ ဟင်းလျာတွေနဲ့ ဆွေမျိုး မိတ်သဟာတွေကို တည်ခင်းကျွေးမွေးဧည့်ခံလေ့ ရှိကြပါတယ်။ ဒါ့အပြင် အဲဒိုအကနဲ့လည်း ပွဲတော်ရက်အတွင်း အိမ်တွေကို လှည့်လည်ပြီး ကပြဖျော်ဖြေလေ့ရှိကြပါတယ်။



# ပုံတူပန်းချီလေး ဆွဲရအောင်

